# ပော့လိုင်း

တော်ဝင်နန်းထိုက်

ပန်းမကိုင်ှုလေဒီ

# အခန်း(၁)

ပရိသတ်တစ်သောင်းကျော်ဆံ့သော မဏ္ဍိုင်ကွင်းကြီးထဲကို မြရတနာ F.C အသင်းသားတွေ ဝင်ရောက်လာတယ် ဆိုရင်ပဲ...အားပေးသံတွေက အထက်ဘဝဂ်၊ အောက် အဝီစိထိအောင် ပျံ့လွင့်သွားသလား မှတ်ရသည်။

အဲဒီ အထဲမှာမှ အသင်းခေါင်းဆောင်လက်ပတ် ဝတ်ဆင်ထားသော ကျောနံပါတ် (7) နေစူးရဲ။ သူ့အသွင်က တစ်မူထူးခြားနေသည်။

ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ကွင်းထဲကို မားမားမတ်မတ် ဝင်လာသော ဟန်ပန်။ (တခြားဘောလုံးသမားတွေလို ကုပ်ချောင်းကုပ်ချောင်း မဟုတ်။) ဆံပင်ကို ဆီရွှဲအောင်လိမ်းထားပြီး ဘောလုံးပွဲနှင့်ရှုတင်မှားလာသည့် ဒီဇိုင်း။ (တခြားဘောလုံးသမားတွေလို ဆံပင်စုတ်ဖွား၊ မယားသေတဲ့မုဆိုးဖို ပုံစံ မဟုတ်။) တစ်ဖက်အသင်းကို ထီမထင်ဟန် နှုတ်ခမ်းလေးကွေးရုံပြုံးနေသည့် စတိုင်လ်။ (တခြားဘောလုံးသမားတွေလို မကန်ခင်ကတည်းက ရှုံးမှာကြောက် ပြီး ဘုရားတ,နေသည့်ရုပ် မဟုတ်။) ခန္ဓာကိုယ်အချိုးအစားက ခိုးသားငါးရာကိုပင် ဖမ်းဆီးနိုင်သည့် ဗလ။ (တခြားဘောလုံးသမားတွေလို နံရိုးပြိုင်းပြိုင်း ဂိလာနဒီဇိုင်းမဟုတ်.) အဲဒီ လို ထူးခြားသောအသွင်အပြင်တွေက သူ့ရဲ့ ပါရမီရှင်ခြေစွမ်း နှင့်ပေါင်းစပ်လိုက်သောအခါ မြရတနာဒိုလေး ဆိုပြီး မြန်မာပြည်တစ်လွှားမှာ ဟိုးဟိုးကျော်စေသည်။ အထူးသဖြင့် ဆယ်ကျော်သက်မိန်းမပျိုလေးတွေ ပါးစပ် ဖျားမှာ နေစူးရဲအကြောင်း မပါတဲ့စကားဆိုတာ တစ်ရက်မှမရှိ။

နေစူးရဲကိုချစ်ရင် နင့်လင်ကို ကွာ ဆိုပါကလည်း ကွာမည့်မိန်းမတွေ က ရာထောင်သောင်းမက။

အဲဒီ လို စန်းပွင့်နေသော နေစူးရဲကို မိန်းမသားများတင် မဟုတ်။ ယောကျ်ားသားများကလည်း အားပေးကြသည်။

သူတို့ကတော့ နေစူးရဲရဲ့ ဘောလုံးကို အားကြိုးမာန်တက် ကစားတတ်ပုံ၊ အလိမ်အကောက် အလှည့်အပတ်ကျွမ်းကျင်ပုံ၊ ဘောလုံးအမြင်စူးရှ ပုံ၊ ဂိုးသွင်းပါးနပ်ပုံ၊ skill ကောင်းပုံ၊ နည်းစနစ်ပိုင်နိုင်ပုံတို့ကို အားကျအတု ယူပြီး ပွဲချိန်တစ်လျှောက် နေစူးရဲ ဟူသောနာမည်ကိုသာ သံပြိုင်အော်ဟစ် ကြ၏ ။

အမျိုးသမီးတွေကတော့ I Love Nay Sue Ye' ဆိုသည့် စာတန်းပါ ဗီနိုင်းကြီးကို ကိုင်ဆောင်ပြီး အားပေးတတ်ကြသည်မှာ မြရတနာ်.ဃအသင်း ၏ ပွဲစဉ်တိုင်းလိုလိုပင် ဖြစ်သည်။

အခုလည်း ကွင်းလယ်မှာ ဘောလုံးကို ခြေထောက်တစ်ဖက်ဖြင့် ထိန်းထားရင်း သူ့ကို တစ်ခဲနက်အားပေးနေသည့် ပရိသတ်ကြီးကို လက်မထောင်ပြလိုက်သောအခါ ဟေးခနဲ ထ,အော်ကြသည်။

မိန်းမတွေ အသံအကျယ်ဆုံး။

ဒိုင်လူကြီးက ဝီစီ(Whistle)ကို ပါးစပ်နှင့်မှုတ်လိုက်သည်နှင့် နေစူး ရဲတို့ ပေါက်ကရ စ,လုပ်တော့သည်။ ဘောလုံးကို ကိုယ့်လူဆီ ရိုးရိုး မပေး။ ညာခြေနှင့်တည်ထားသည့် ဘောလုံးကို ဘယ်ခြေဖနောင့်နှင့်ပေါက်ပြီး စတန့်ထွင်ပေးလိုက်၏ ။

အဲဒီ လိုစတန့်ထွင်နေတာလေးတွေကပင် နေစူးရဲကို မြရတနာဒိုလေး ဆိုပြီး ပိုမိုလူသောက်မြင်ကပ်နေကြခြင်း ဖြစ်သည်။ သူ့ပရိသတ်တွေအတွက် ကတော့ တစ်ဖက်အသင်းကို မလေးစားသလိုလုပ်နေတာတွေက ဟီးရိုးဖြစ်ပေ မယ့် ခံစားရတဲ့ တစ်ဖက်အသင်းအတွက်ကတော့ ချီးပိုးထိုးဖြစ်စေသည်။

ဘာပဲဖြစ်ဖြစ် ဘောပွဲ စသည်နှင့် ကိုယ့်ကွင်း ကိုယ့်ပရိသတ်ရှေ့မှာ နေစူးရဲဟူသောအသံတွေက ပရိသတ်ခုံတန်းလျားမှာ သောသောညံလျက်။

''နေစူးရဲ..နေစူးရဲ...နေစူးရဲ..နေစူးရဲ''

သူ့ခြေထောက်နှင့် ဘောလုံး ထိလိုက်တိုင်း 'ဟေး'ခနဲ အော်ပြီး သူ တောင်ပြေးမြောက်ပြေး ပြေးနေရသောအခါ နေစူးရဲဟု သံပြိုင်အားပေးနေပုံ က တစ်ဖက်အသင်းကို မျက်စိစပါးမွေးစူးစေသည်။

နေစူးရဲတို့ကစားပုံကလည်း တကယ့်ကို ဒိုလေးအတိုင်းပင်။

သူ့ခြေထောက်ထဲ ဘောလုံးရောက်လျှင် လိမ်မည် ခေါက်မည် မွှေ မည် နှောက်မည်။ တစ်ဖက်အသင်း ခြေထဲ ပါသွားလျှင် လဲကျဟန်ဆောင်ပြီး ပြစ်ဒဏ်ဘော တောင်းမည်။

ဒိုင်က မပေးလျှင် မြက်ကို ဒေါသတကြီး လက်သီးနှင့်ထိုးမည်။ပေး ပါက သူကိုယ်တိုင် ဖရီးကစ်ကို ကန်မည်။ မကန်ခင် ခြေလှမ်း ငါးလှမ်းခန့် နောက်ဆုတ်နေရာယူပြီး ခြေထောက်နှစ်ဖက် ပေါင်ကားရပ်၍ ခါးထောက် ကြည့်ကာ အပေါက်ရှာမည်။

အပေါက်တွေ့ပြီဆိုလျှင် ရောက်ချင်ရာရောက်၊ အားကုန်ကျုံး၍ ကန် မည်။ ကံကောင်းလျှင် ဂိုးထဲ တန်းဝင်ပြီး ကံမကောင်းလျှင် လူတံတိုင်းကာရံ ထားသော တစ်ဖက်အသင်းမှ ဘောလုံးသမားမျက်ခွက်တွေကို စုတ်အောင် မှန်မည်။

ဤကဲ့သို့သော ဗျူဟာတွေကြောင့် နေစူးရဲ ဖရီးကစ်ကန်လျှင် တစ် ဖက်အသင်းသားတွေ သရဏဂုံတင်ပြီး ဘုရားတရား တ,နေကြ၏ ။

ဂိုးဝင်သွားမှာထက် မျက်နှာ လာမှန်ပြီး ထမင်းခုနစ်ရက် မစားနိုင်မှာ စိုး၍ ဖြစ်သည်။

နေစူးရဲတို့က ပင်နယ်တီဧရိယာထဲရောက်ပြီဆိုလျှင်လည်း လူလည် ကျသည်။

မလိုအပ်ဘဲ ဘောလုံးကိုင်ကစားပြီး တစ်ဖက်အသင်းမှ အသည်း အသန် ဖျက်ထုတ်ပါက ခြေသန်းလေး ထိမိတာနဲ့တင် ဟန်ဆောင် ဒိုင်ဗင် ပစ်ပြီး

ပင်နယ်တီတောင်းတတ်၏ ။

ဒိုင်က မပေးမချင်း မြက်ခင်းပေါ်မှမထ။ ရုပ်ထိသွားသောခြေသန်း ကို လက်နှစ်ဖက်ဖြင့် ပယ်ပယ်နယ်နယ်ဆုပ်ကိုင်ပြီး လူးလိမ့်နေတတ်သည်။ ပင်နယ်တီ ရသွားပါက သူ မဟုတ်သလို ခပ်တည်တည်နှင့်ထလာပြီး ကိုယ် တိုင် တည်ကန်တတ်သည်။

ဤကဲ့သို့သော Óဏ်နီÓဏ်နက်များတတ်သည့် နေစူးရဲကို တစ်ဖက် အသင်းသားတွေက မုန်းကြပေမယ့် သူကိုယ်စားပြုသောအသင်းအတွက်က တော့ ရလဒ်ကောင်းတွေ ရရှိစေပြီး အမှတ်ပေးဇယားရဲ့အဆင့်တစ်နေရာမှာ သုံးနှစ် ဆက်တိုက်ရပ်တည်နေနိုင်ခြင်းပင် ဖြစ်သည်။

မည်သို့ပင် ဆိုစေကာမူ နေစူးရဲမှာ ကောင်းသောအရည်အချင်းနှင့် ကောင်းသောအကျင့်လေးလည်း ရှိနေပြန်သောကြောင့် ကစားသမားအချင်း ချင်းကတော့ ချစ်အားပိုရသည်။

၄င်းမှာ မည်သို့သောအခြေအနေ ရောက်ရောက် ရည်ရွယ်ချက်ရှိရှိ ဖြင့် လူမချတတ်ခြင်းပင် ဖြစ်သည်။

ဘောလုံးကို ဘောလုံးဥပဒေအတွင်းမှ နည်းပရိယာယ်ဖြင့် တိုက်စစ် ဆင်တတ်သော်လည်း တစ်ဖက်သား ဒဏ်ရာရအောင် ဘယ်တော့မှ ညစ်ပတ် ပြီး ခြေစုံပစ် ဖျက်မထုတ်။

နေစူးရဲတို့ရာဇဝင်မှာ ဟန်ဆောင်ဒိုင်ဗင်ထိုး၍ သာ အဝါကတ် ထိရ မည်။ လူချ၍ တစ်ခါမှ အနီကတ်မထိဖူး။

မတော်တဆ ထိသွားခဲ့ရင်တောင် ပွဲပြီးလျှင် ကစားသမားကို ကိုယ် တိုင် တောင်းပန်သည်။

ဤကဲ့သို့သော အမူအကျင့်ကောင်းလေးတွေကြောင့်လည်း တစ်ဖက်

အသင်းပရိသတ်တွေက လမ်းမှာတွေ့လျှင် သူ့ကို ခဲနှင့်မထုကြခြင်း ဖြစ်သည်။

ယခု ပွဲစဉ်မှာတော့ နေစူးရဲရဲ့ Hack-trick နဲ့ အတူ မြရတနာ F.C အသင်းက ဝေပုလ္လ F.C အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အပြန်လမ်းမှာတော့ နေစူးရဲဆီ မီဒီယာသမားတွေဝိုင်းအုံလာပြီး အင်တာဗျူးကြ၏ ။

ကောင်မလေးတစ်ယောက်ဆိုလျှင် အင်တာဗျူးသမားတွေ ကြားမှ ခက်ခက်ခဲခဲဝင်လာပြီး နေစူးရဲကို သူမ၏ စနိုးတာဝါလေးဖြင့် ချွေးသုတ်ပေး၍ မိတ်ဆက်သည်။

သူမသူငယ်ချင်းက -

''လာပါဟယ်၊ မီဒီယာသမားတွေရှေ့မှာ ယောကျ်ားလေးတစ်ယောက် ကို ချွေးသုတ်ပေးတာ ရှက်စရာကြီး၊ ပြန်ရအောင်''ဟုပြောသောအခါ သူမက ''ဖြစ်နိုင်ရင် ရေပါချိုးပေးချင်တာ''ဟု ပြန်ပက်ပြီး ထွက်ခွာသွား၏ ။

တစ်ခေတ်မှာ တစ်ယောက်ဆိုသလို မာယာလူမျိုးတို့၏ ပြက္ခဒိန် ကုန်ဆုံးသွားပြီးနောက်ပိုင်း ဘောလုံးလောကမှာ ဤကဲ့သို့ နေစူးရဲ ဆိုသည့် လျှမ်းလျှမ်းတောက် ဘောလုံးသမားတစ်ယောက် အများပြည်သူ ပါးစပ်ဖျားမှာ ရေပန်းစားစွာ ပေါ်ထွန်းခဲ့ပါသည်။

x x x

အခန်း(၂)

နွယ်သာကီ F.C အသင်းပိုင်ရှင် ဒေါ်ခင်သန္တာသက်ချိုပြုံးတစ်ယောက် အသင်းဘုတ်အဖွဲ့ဝင်တွေနှင့် အစည်းအဝေးခန်းမထဲမှာ အရေးပေါ်တိုင်ပင် ဆွေးနွေးနေပြီ။

အနေအထားက မလှ။ နည်းပြတွေ တစ်ယောက်ပြီး တစ်ယောက် ထုတ်တာ များနေ၍ ချဲလ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်၏ ညီမဟုပင် အသင်းပရိသတ်တွေက ကွယ်ရာမှာ ကင်ပွန်းတပ်နေကြ၏။

ခင်သန္တာသက်ချိုပြုံးတို့ကတော့ ဘောနှင့်ပတ်သက်လာလျှင် ဘယ် သူ့ကိုမှ စိတ်မရှည်။ လိုချင်တာ မရလို့ကတော့ အခွင့်အရေး နှစ်ခါ မပေး။ ဟော..တစ်ယောက်၊ ဟော..တစ်ယောက် ထုတ်လိုက်ထွက်လိုက်နှင့် ကြာ လျှင် နွယ်သာကီအသင်းကို နည်းပြများယာယီနားခိုရာ သာလာယံဇရပ်နှင့် မှားမှာပင် စိုးရသည်။

ငယ်ငယ်ကတည်းက သမီးလေး ကြီးလာရင် ဘာလုပ်မလဲဟု မိဘ တွေက မေးရာ မိန်းကလေးတန်မဲ့ ဘောကန်မယ်ဟု ပြောတတ်သဖြင့် သူမ မျက်စိရှေ့မှာ ဘယ်ဘောမှမမြင်အောင် ဖုက်ထားကြသော်လည်း ဝါသနာကို တားမရ။ လုံးလုံးအရာမှန်သမျှ တည်ကန်တတ်သဖြင့် မိဘများက သူမနှင့် သင့်တော်မည့် ဘောလုံးတစ်လုံးကို အပိုင်ဝယ်ပေးထားလိုက်ကြသည်။

သူများမိန်းကလေးတွေလို အိုးပုတ်၊ ချိုးရုပ်၊ ပလုတ်တုတ်နှင့်မဆော့ ဘဲ ဘောလုံးကိုသာ မြတ်နိုးခုံမင်နေသော သူမကို ဗေဒင်ဆရာနှင့်ဇာတာစစ် ရာ တစ်နေ့နေ့ တစ်ချိန်ချိန် ဘောနှင့် အသက်မွေးဝမ်းကျောင်းပြုရမည်ဟု တွက်ချက်လိုက်သဖြင့် မိဘများ ရင်ထိတ်သွားကြသည်။

ထို့ကြောင့် မဖြစ်သင့်တာ မဖြစ်ရလေအောင် ခုနစ်ဆောင်တိုက်ခန်း မှာ ယင်ဖိုတောင်မသန်းစေဘဲ ဝါသနာတူမိန်းကလေးများနှင့် အမျိုးသမီးဘော

လုံးအသင်း ဖွဲ့ပေးပြီး အားလပ်ချိန်တိုင်း ကစားစေ၏ ။

တစ်ဖက်မှလည်း မိဘဖြစ်စေချင်သည့် ဆေးတက္ကသိုလ် တက်ရင်း ခင်သန္တာသက်ချိုပြုံး၏ ဘ၀မှာ မိဘအလိုကျ ဒေါက်တာဘ၀နှင့် သူမအလိုကျ ဘောလုံးသမဘ၀ကို ပူးတွဲဖြတ်သန်းခဲ့လေသည်။

ဒါပေမယ့် သူမအသက် ၂၀ လောက်မှာ တစ်ဖက်ဘောလုံးသမ၏ အဖျက်ကြမ်းမှုကြောင့် ဂုံညင်းရိုးပြုတ်ထွက်ပြီး ဘောကန်သည့်အလုပ်ကို ရာသက်ပန် နားလိုက်ရသည်။

ထို့ကြောင့် ဘောကန်ခြင်းမှအနားယူပြီး ယောက်ျားယူလိုက်ရာ တစ်နှစ်ပဲ ခံပြီး လင်မယား ကွာရှင်းပြတ်စဲလိုက်သည်အထိ ဗီဇက ဆိုးရွားခဲ့လေ သည်။ ညအိပ်ရာဝင်တိုင်း ယောက်ျားဖြစ်သူကို ယောင်ပြီး ထ, ထ ကန်တတ် သောကြောင့် မသေရုံတမယ် ခံစားလိုက်ရပြီး သည်းမခံနိုင်ဘဲ အမျိုးသားဘက် မှ စတင်ကွာရှင်းခွင့်တောင်းခြင်းဖြစ်သည်။

ခင်သန္တာသက်ချိုပြုံးဘ၀မှာ ဘောလုံးနှင့်မထိတွေ့ရလျှင် ဟာတိဟာတာကြီး ဖြစ်နေသောကြောင့် အမျိုးသမီးဘောလုံးအသင်းနည်းပြဘ၀ကို ဝင်ရောက်ပြီး ဆက်လက်ကျင်လည်ခဲ့လေသည်။ ကြာလာတော့ အမျိုးသမီးတွေ ကို နည်းပြရတာ နဲ့တင် အားမရဘဲ အမျိုးသားတွေကိုပါ နည်းပြပေးချင်စိတ် တွေ တဖွားဖွားပေါ်ခဲ့သည်။

သို့သော် အမျိုးသားတွေကို အမျိုးသမီးတစ်ယောက်က နည်းပြရန်မှာ သဘာဝ နှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် အမျိုးသားဘောလုံးအသင်း တစ်သင်းကိုဝယ်ယူပြီး ချုပ်ကိုင်ချင်သော အိပ်မက်လေးတော့ မက်ခဲ့ပါသည်။

အသက် ၃၅နှစ်လောက်မှာတော့ အိပ်မက်တွေ လက်တွေ့အကောင် အထည်ပေါ်လာပြီဟုဆိုရမည်။

မိန်းကလေးတန်မဲ့ ဘောလုံးကိုမှ တမ်းတမ်းစွဲ ဖြစ်နေသည့် သမီး

လေး၏ ဖြစ်အင်ကို မကြည့်ရက်သောမိဘနှစ်ပါးက စုထား ဆောင်းထားသော ငွေကြေးလေး တစ်ပဲခြောက်ပြားဖြင့် အသင်းငယ်ကလေးတစ်သင်း ဖြစ်သော နွယ်သာကီ F.C အသင်းကို မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးခဲ့လေသည်။

နှစ်စဉ်အမှတ်ပေးဇယား၏ အဆင့်တစ်ဆယ်အောက်တွင်သာ ကျင်လည်နေသော နွယ်သာကီ F.C အသင်းမှာ ခင်သန္တာသက်ချိုပြုံး လက်ထဲ အရောက်တွင် တန်းပါ ဆင်းသွားရလေ၏ ။

ထို့ကြောင့် နည်းပြနှင့်ကစားသမားတွေကို အသစ် ပြန်လည်ဖွဲ့စည်း ပြင်ဆင်လိုက်ရာ နှစ်နှစ်အတွင်း တန်းပြန်တက်လာသည့်အပြင် အမှတ်ပေး ဇယား၏ အဆင့်တစ်ဆယ်အထက်တွင်ပါ ရပ်တည်နိုင်ခဲ့သည်။

သို့သော် ခင်သန္တာသက်ချိုပြုံးတို့က ဘောနှင့်ပတ်သက်လာလျှင် အောင်မြင်မှုကို အမြဲဆာလောင်နေသူဖြစ်ရာ ဒီလောက်နှင့် အားရ တင်းတိမ် နိုင်ခြင်း မရှိဘဲ နွယ်သာကီ .ဃအသင်းကို တန်းပြန်တက်လာအောင် စွမ်း ဆောင်ပေးခဲ့သည့် တရုတ်လူမျိုးနည်းပြ အော်ကွေ့ကျီကို ထုတ်ပယ်ပြီး ဂျပန် လူမျိုးနည်းပြ ကိုယိုတာကိုစားကို ခန့်အပ်ခဲ့သည်။ ကိုယိုတာကိုစား၏ လက်ထဲ တွင် နွယ်သာကီ F.C အသင်း ထိပ်ဆုံးရောက်ခဲ့ပါသည်။

နှစ်နှစ် ဆက်တိုက် အမှတ်ပေးချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့ သည့်အပြင် စီးပွားရေးအရလည်း အောင်မြင်မှုများစွာရယူနိုင်ခဲ့သည်။

နွယ်သာကီ F.C အသင်းကို ခြေရည်တူကစားနိုင်သည့်အသင်းဆို၍ မြန်မာနေရှင်နယ်လိဂ်မှာ မြရတနာ်.ဃ အသင်းတစ်သင်းသာ ရှားရှားပါးပါး ရှိခဲ့သည်။

သို့သော် အချိန်တန် ရာသီသိမ်းလျှင် မြရတနာ F.C အသင်းမှာ နွယ် သာကီ F.C အသင်းကိုမယှဉ်နိုင်ဘဲ ဒုတိယနေရာနှင့်သာ ကျေနပ်ရသည်ချည်း။ အသင်းရဲ့ပုံရိပ်ကလည်း တစ်ရှိန်ထိုးကြီးထွားလာခဲ့သည်။

ဒါပေမယ့် မြရတနာ F.C အသင်းမှာ နေစူးရဲ ဆိုသော ငယ်မွေးခြံ ပေါက် ကစားသမားတစ်ယောက် ထွန်းတောက်လာမှုနှင့်အတူ အမှတ်ပေး ဇယား၏ အဆင့်ရပ်တည်မှုလည်း အပြောင်းအလဲဖြစ်သွားသည်။

နှစ်နှစ်ဆက်တိုက် အဆင့် ၂ နေရာကို ဆင်းပေးလိုက်ရသည့်အပြင် မြရတနာ F.C အသင်းရဲ့ဂုဏ်ရှိန်ဝါအောက်မှာ နွယ်သာကီ F.C အသင်းလည်း ညှိုးမှိန်သွားရ၏ ။

ဤအခြေအနေကို ခင်သန္တာသက်ချိုပြုံးတို့က လက်ခံနိုင်ခြင်းမရှိဘဲ ဂျပန်လူမျိုးနည်းပြ ကိုယိုတာကိုစားကို ထုတ်ပယ်ကာ တောင်ကိုရီးယားလူမျိုး နည်းပြ ဆောင်ပတ်ဟွာကို ခန့်အပ်ခဲ့သည်။

ဆောင်ပတ်ဟွာလက်ထဲအရောက်မှာတော့ နွယ်သာကီ F.C အသင်း ထိပ်ဆုံး လေးသင်းပင် မဝင်အောင် ဆိုးဆိုးဝါးဝါး ခြေစွမ်းပျက်ယွင်းခဲ့သော ကြောင့် ခြောက်လနှင့်ထုတ်ပယ်ပြီး မလေးရှားလူမျိုးနည်းပြ အီစီကလီမာမွတ် ကို တာဝန်ပေးခဲ့ပြန်သည်။ အီစီကလီမာမွတ် လက်ထဲမှာတော့ နွယ်သာကီ F.C အသင်း ခြေစွမ်း ပြန်တက်လာပြီး မြရတနာ်.ဃအသင်းနှင့် တန်းတူလိုက် နိုင်ခဲ့သည်။ သို့သော် ရာသီသိမ်းချိန်မှာတော့ မြရတနာ F.C အသင်းကို ရမှတ် တူ ဂိုးကွာခြားချက်ဖြင့် ဒူးထောက်ခဲ့ရပြန်သည်။

မြရတနာ F.C အသင်းက ရှန်ပိန်ပူးတွေ ဖွင့်ပြီး အောင်ပွဲခံနေချိန်မှာ နွယ်သာကီ F.C အသင်းနည်းပြ အီစီကလီမာမွတ်နှင့် ဒေါ်ခင်သန္တာသက်ချိုပြုံး တို့ကတော့ အခန်းထဲမှာ နှစ်ယောက်တည်း ကြိတ်မနိုင်ခဲမရဖြင့် ရှုံးနိမ့်မှုအဖြေ ကို ရှာဖွေလျက်။

တကယ်တော့ နွယ်သာကီ F.C အသင်းနှင့် မြရတနာ F.C အသင်း ကြား ကြီးကြီးမားမား ကွာခြားချက်မရှိ။

ဒါပေမယ့် မြရတနာ F.C အသင်းမှာ နေစူးရဲဆိုသည့် ကြယ်ပွင့်ကစား

သမား ခြေစွမ်းပြနေခြင်းက နွယ်သာကီ F.C အသင်းထက် ခေါင်းတစ်လုံး ပို သာနေစေသည်။ နေစူးရဲကိုသာ ထုတ်လိုက်ပါက နွယ်သာကီ F.C အသင်းနှင့် မြရတနာ F.C အသင်း ဘယ်အသင်းက ပိုကောင်းသည်ဆိုတာ ပြောလို့မရနိုင်။

နေစူးရဲတစ်ယောက်ချွန်ထွက်နေ၍ မြရတနာ F.C အသင်း ပိုကောင်း နေကြောင်း သူတို့ ရ,ထားသော ဂိုးတွေက သက်သေခံနေသည်။

အခုလည်း ထိပ်တိုက်တွေ့ဆုံရမည့်ပွဲစဉ်အတွက် ဒေါ်ခင်သန္တာသက် ချိုပြုံး ဘုတ်အဖွဲ့ဝင်တွေနဲ့ အရေးတကြီးတိုင်ပင်နေရပြီ။

''စဉ်းစားကြစမ်းပါဦးရှင်..နောက်တစ်ပတ် တွေ့ရမယ့် မြရတနာနဲ့ ပွဲစဉ်မှာ နေစူးရဲကို ဘယ်လိုထိန်းချုပ်မလဲ၊ သူသာ မွှေရင် ကျွန်မတို့အသင်း အနည်းဆုံး ပယ်နယ်တီပေးရရင် ပေးရ မပေးရရင် တစ်ဂိုးတော့ ကျိန်းသေပေး ရလိမ့်မယ်''

ဒေါ်ခင်သန္တာသက်ချိုပြုံး၏ စကားကို နည်းစနစ် ဒါရိုက်တာ ကိုပါကြီး ကလည်း ထောက်ခံ၏ ။

''ဟုတ်တယ် မမ၊ မနေ့က ကန်ခဲ့တဲ့ မြရတနာနဲ့ဝေပုလ္လပွဲစဉ်ကိုလည်း ကျွန်တော် ရုပ်ဖျက်ပြီး သွားကြည့်ပြီးပြီ၊ သူ့ကို ဝေပုလ္လနောက်တန်းတွေ သုံး ယောက်လောက် ကပ်ထားရတယ်၊ ဒါတောင် တစ်ချက်တစ်ချက် လွတ်လွတ် သွားပြီး ဂိုးတွေ ပေးလိုက်ရတယ်လေ...သူ့ရဲ့ဂိုးသွင်းခြေကလည်း တစ်ခါ ကန်သွင်းရင် တစ်ဂိုးပဲ၊ ဘယ်လိုမှထိန်းချုပ်လို့မရဘူး''

ကိုပါကြီးရဲ့ စကားကို ကိုပေါက်ကြီးကလည်း ထပ်ဆင့် ထောက်ခံ သည်။

''ဟုတ်တယ် မမရေ..အခုဆိုရင် တခြားအသင်းက ဂိုးသမားတွေ က နေစူးရဲသွင်းမယ့်ဂိုးကို ဖမ်းမယ့်အစား ကျားဖင်သာ ပြေးနိုက်လိုက်ချင်တယ် ဆိုပြီး ညည်းကုန်ကြပြီ၊ ပြီးခဲ့တဲ့နှစ် နောက်ဆုံးပွဲစဉ်တုန်းကဆို ကြည့်ပါလား၊ မေယု F.C အသင်းနဲ့ ပွဲစဉ်မှာ သူ သွင်းလိုက်တဲ့ ဂိုးက ကန်ချက်ပြင်းလွန်းလို့ ပိုက်ပါ

ပေါက်ထွက်ပြီး ပွဲကြည့်စင်မှာ အားပေးနေတဲ့ ကောင်မလေးရဲ့မျက်နှာ ကို တည့်တည့်မှန်သွားပါရောလား...ပြီးတော့ အဲဒီ ဘောလုံးကို လေလံတင် ရောင်းတာ သိန်း ၂၀ တောင် ရလိုက်တယ်လေ''

ကိုပေါက်ကြီးရဲ့စကားကို ကိုပဲကြီးကလည်း ထပ်ဆင့်ထောက်ခံ၏။

''ဟုတ်ပ့ါဗျား...အဲဒီ ကောင်မလေးဆို လန့်ဖျား ဖျားပြီး ခုနစ်ရက် လောက် ဆေးကုလိုက်ရတယ်၊ နေလည်း ကောင်းသွားရော နေစူးရဲကိုစွဲလမ်း ပြီး သူကန်တဲ့ပွဲစဉ်တိုင်း မလွတ်တမ်းအားပေးတာသာ ကြည့်ပါတော့၊ မောင် မင်းကြီးသားကလည်း ရုပ်ပါက ဖြောင့်ဖြောင့်ဆိုတော့ အဲဒီ ကောင်မလေးကို နှစ်ခါမကျူရဘူး ညက်သွားပါလေရော''

ကိုပဲကြီးစကားကို ကိုပေါကြီးကလည်း ထပ်ဆင့်ထပ်ဆင့် ထောက်ခံ သည်။

''ဒါကတော့ သူ့ရဲ့စန်းပွင့်မှုလို့ပဲ ဆိုရမှာပေ့ါဗျာ..သူ့ကို ကြွေနေတဲ့ မိန်းကလေးတွေ အများကြီးရှိတဲ့အထဲကမှ အဲဒီ ကောင်မလေးနဲ့ ဖူးစာဆုံပုံက လည်း ဆန်းကြယ်တာကိုး၊ အချစ်ရာဇဝင်မှာ တစ်ခါမှ စာမတွင်သေးတဲ့ ဆုံ တွေ့ပုံမျိုး''

ဘုတ်အဖွဲ့ဝင်တွေရဲ့ထင်မြင်ယူဆချက်တွေကို ဒေါ်ခင်သန္တာသက်ချို ပြီး စိတ်မရှည်ချင်တော့။

''ကဲပါရှင်..ရှင်တို့က သူ့ကိုထိန်းချုပ်ဖို့ ဆွေးနွေးမှာလား၊ သူ့ရဲ့ဂုဏ် ကျေးဇူးတွေကို ထုတ်ဖော်ချီးကျူးနေကြမှာလား၊ လိုရင်းပဲပြောပါ နားကြားပြင်း ကပ်တယ်''

''ကျွန်တော် သူ့ကိုထိန်းချုပ်ဖို့ နည်းစနစ်တစ်ခု စဉ်းစားမိတယ် ဒေါ် ခင်သန္တာ''

တစ်ချိန်လုံး ငြိမ်ပြီးနားထောင်နေသော နည်းပြအီစီကလီမာမွတ်ရဲ့

အသံကြောင့် အားလုံး သူ့ကိုဝိုင်းကြည့်လိုက်ကြသည်။

''နေစူးရဲဟာ ၁၈ ကိုက်စည်း အစပ်မှာတင် ကြောက်ဖို့ ကောင်းတာ မဟုတ်ဘူး တစ်ချက်တစ်ချက် အဝေးကနေ ကန်သွင်းချက်တွေဟာ ဝါးလုံးထိုး တန်းဝင်ပြီးဂိုးသွားတတ်တာမို့ သူ့ကို ဂိုးပေါက်ထဲကန်သွင်းခွင့်မပေးဖို့လိုတယ်''

''ဘာလဲ..ဂိုးရှေ့မှာ လူဆယ့်တစ်ယောက်လုံး ပိတ်ပြီး တန်းစီရပ်နေ ခိုင်းမယ်လို့ဆိုလိုတာလား''

ဒေါ်ခင်သန္တာသက်ချိုပြုံးစကားကြောင့် အီစီကလီမာမွတ် နည်းနည်း တော့ ဖုသွားသည်။

''ဒေါ်ခင်သန္တာ..ကျွန်တော် နည်းပြလုပ်လာတာ သက်တမ်း အနှစ် နှစ်ဆယ် ရှိပြီ၊ တစ်ခါမှ အဲဒီ လို အရှက်မရှိတဲ့ကစားပုံမျိုး မခင်းဖူးဘူး၊ ဘယ့် နှယ့်ဗျာ၊ သူလည်း ဆယ့်တစ်ယောက် ကိုယ်လည်း ဆယ့်တစ်ယောက်ကို ဂိုး ရှေ့မှာ ပိတ်ရပ်ရအောင် အိုနာကျိုးကန်းအသင်းမှ မဟုတ်တာ..နွယ်သာကီ F.C အသင်း ဆိုတဲ့ ဂုဏ်ရှိန်ဝါလေးနဲ့ သူတင်ကိုယ်တင်တော့ ကစားရမှာပေ့ါ''

ဒေါ်ခင်သန္တာသက်ချိုပြုံး သူ့စကား ဖောင်းသွားမှန်း သိသဖြင့် အီစီ ကလီမာမွတ်ကို အီစီကလီလုပ်ရင်း ပြန်ချော့လိုက်ရ၏ ။

''ကျွန်မက သဘောပြောတာပါရှင်၊ ကိုမာမွတ်ရဲ့ အရည်အချင်းကို သံသယရှိလို့မဟုတ်ပါဘူး။ နေစူးရဲရဲ့ပါဝါကိုက မြင့်နေလို့ စိုးရိမ်နေတာပါ''

''အဲဒီ လောက်ကြီးလည်း မဟုတ်ပါဘူးဗျာ၊ နေစူးရဲဟာ တခြားကမ္ဘာ က ဂြိုဟ်သားဖြစ်နေမယ်ဆိုရင်တောင် သူ့ကို ထိန်းချုပ်ဖို့နည်းလမ်းရှိပါတယ်''

''ဒါဆိုရင် ကိုမာမွတ်မှာ ဗျူဟာကောင်းကောင်းတစ်ခု ရှိမယ် ထင် တယ်..ပြောကြည့်ပါဦး''

ဒေါ်ခင်သန္တာသက်ချိုပြုံးက သူ့ကို ဆရာတင်လိုက်သောအခါ အီစီ

ကလီမာမွတ် သူ့ရဲ့မေးစေ့ကို လက်ဖြင့်ပွတ်၍ ပညာရှိကြီးစတိုင်ဖမ်းလိုက်ပြီ။

''ဘောလုံးနည်းပညာနဲ့ဆိုရင်တော့ နေစူးရဲကို ထိန်းချုပ်ရတာ ခက်ခဲမှာပဲ၊ အဲဒီ တော့ သူ့ကို အောက်လမ်းနည်းနဲ့ ထိန်းချုပ်ဖို့စဉ်းစားထားတယ်''

အီစီကလီမာမွတ်က သူ စဉ်းစားထားသော အောက်လမ်းနည်းကို ပြောပြလိုက်၏ ။

''လူတိုင်းလူတိုင်းမှာ အားသာချက် အားနည်းချက်ဆိုတာ ရှိကြစမြဲပဲ၊ နေစူူးရဲဟာ ဘောလုံးကန်တော်သလောက် အသန့်အပြန့်လည်း အရမ်းကြိုက်တယ်။ ပထမပိုင်း ကစားပြီးလို့ ချွေးလေးဘာလေး စို့သွားပြီဆိုရင် ဒုတိယပိုင်း မစခင် တစ်ကိုယ်လုံး ရေမိုးချိုးပြီးမှ ကွင်းထဲ ဝင်လာတတ်တယ်။ ကွင်းထဲမှာ ဆိုရင်လည်း သူ ဆွတ်ထားတဲ့ ရေမွှေးနံ့တွေ ဟောင်နေတာပဲ။ အဲဒီ တော့ အသန့်အပြန့်ကြိုက်တဲ့နေစူးရဲ နွယ်သာကီ F.C အသင်းရဲ့ဂိုးဧရိယာထဲ ဝင်မလာရဲအောင် ကျွန်တော်တို့အသင်းရဲ့ ကစားသမားလေးတွေကို ဘောလုံးပွဲမစခင် နောက်ချေးပုံ နင်းခိုင်းထားလိုက်မယ်၊ အဲဒါဆို နေစူးရဲတစ်ယောက် ၁၈ ကိုက်စည်းထဲ ဝင်ဖို့ နေနေသာသာ အနံ့နံမှာစိုးလို့ ကျွန်တော်တို့ဘက်ခြမ်းက ကွင်း တစ်ဝက်ကိုတောင် ကျော်လာရဲမှာ မဟုတ်ဘူး''

အီစီကလီမာမွတ်ရဲ့ထင်မြင်ယူဆချက်ကို ဘုတ်အဖွဲ့ဝင်တွေ အချင်း ချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ နှာခေါင်းရှုံ့ကုန်သည်။

''ဘယ်လိုလဲ ဒီအကြံကောင်းတယ် မဟုတ်လား''

'ကောင်းတယ်၊ ရွံဖို့''

ကိုပါကြီးစကားကြောင့် အီစီကလီမာမွတ် မျက်နှာတင်းသွားသည်။

''ဟေ့လူ..ခင်ဗျားက ကျုပ်ပြောတဲ့ အကြံကို ရွံဖို့ကောင်းတယ် ဆို တော့ လှောင်တာလား''

''မဟုတ်ရပါဘူးဗျာ..သူ မနံခင် ကိုယ့်လူတွေ အရင်နံမှာစိုးလို့ ပြောတာပါ''

''မဟုတ်ရပါဘူးဗျာဆိုတော့ ခင်ဗျား ကျုပ်ကို မခန့်တာပေ့ါ''

''ဟာ..ပေါက်ကရတွေ''

''ဘာလဲ..ပေါက်ကရတွေဆိုတော့ ခင်ဗျားက ကျုပ်ကို ငပေါကြီးလို့ ပြောလိုက်တာလား''

ဆတ်ဆတ်ထိမခံတတ်သော အီစီကလီမာမွတ်ကို ကိုပါကြီး စကားဆက်မပြောတော့ဘဲ လေပူကြီးမှုတ်ထုတ်၍ ဆိုဖာပေါ်မှီချလိုက်သည်။

''ဟူး...''

''ဘာလဲ..ဟူးဆိုတော့ ခင်ဗျားက ကျုပ်ကို စိတ်ပျက်တယ် ဆက် ပြောဖို့မတန်ဘူးလို့ထင်နေတာလား''

ကိုပါကြီး နည်းနည်းတော့ ပေါက်ကွဲလာသည်။ ထို့ကြောင့် အီစီကလီမာမွတ်မျက်နှာကို တစ်ချက်ကြည့်ပြီး -

''ခင်ဗျားစကားတွေ နည်းနည်းလွန်လာပြီနော်''

''ဘာလဲ..လွန်လာပြီဆိုတော့ ခင်ဗျားက ကျုပ်ကို စိန်ခေါ်လိုက်တာ ပေ့ါ''

ကိုပါကြီးရဲ့သည်းခံစိတ်တွေ ကုန်ဆုံးသွားပြီဖြစ်သည်။ ထို့ကြောင့် ထိုင်ခုံမှ ဝုန်းခနဲထ,ရပ်လိုက်ပြီး

''ဟုတ်တယ်ဗျာ..စိန်ခေါ်တယ်၊ ခင်ဗျား ဘာဖြစ်ချင်လဲ..ပြော''

အစည်းအဝေးခန်းမကြီး တစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဒေါ်ခင်သန္တာသက်ချိုပြုံးနှင့် ဘုတ်အဖွဲ့ဝင်တွေအားလုံး ကိုပါကြီးနဲ့ အီစီကလီမာမွတ်ရဲ့ ဆက်ဖြစ်လာမယ့်အခြေအနေကို ရင်ခုန်စွာ မျှော်လင့်စောင့်စားလျက်..

ဒေါ်ခင်သန္တာသက်ချိုပြုံးဆိုလျှင် မတော်တဆ ထထိုးကြလျှင် ကြား က ဝင်ဆွဲရအောင် ထဘီကို ခပ်တင်းတင်းပြင်ဝတ်လိုက်၏ ။

ဒါပေမယ့် အီစီကလီမာမွတ် ဆက်ပြောလိုက်တဲ့စကားကတော့ အား လုံးကို မှင်တက်ဆွံ့အသွားစေသည်။

''အေး..အဲဒီ လိုပြေပြေလည်လည်ပြောရင် လက်ခံတယ် ကျေးဇူးပဲ''

''ကိုမာမွတ်..ရှင် စိတ်တော့ ကောင်းပါတယ်နော်''

ဒေါ်ခင်သန္တာသက်ချိုပြုံး၏ အမေးကို အီစီကလီမာမွတ်က လက်ကာ ပြ၍ ပြုံးရင်း ဖြေသည်။

''ကောင်းပါတယ် ဒေါ်ခင်သန္တာ၊ ဒါ..ကျွန်တော့်ရဲ့ပရိယာယ်တစ်ခု ပါ၊ အခုနပြောတဲ့ အောက်လမ်းနည်းဆိုတာ အဲဒါပါပဲ''

''ဘယ်လို...''

''ထိုင်ပါဦး ကိုပါကြီး၊ ကျွန်တော် ရှင်းပြပါ့မယ်''

ကိုပါကြီး ကြောင်တောင်တောင်နှင့် ပြန်ထိုင်လိုက်၏ ။

''အဲဒီ တော့ နေစူးရဲကိုလည်း အခုန ကျွန်တော်လုပ်ခဲ့တဲ့ပုံစံအတိုင်း သူ့ဒေါသကို ဆွပေးရမယ်၊ သဘောက နေစူးရဲဟာ သူကန်တဲ့ ပွဲစဥ်တိုင်းမှာ တစ်ဖက်က ဘောလုံးသမားကို လူမချဘဲ သန့်သန့်ရှင်းရှင်း ကစားတတ်တယ်၊ ဒိုင်ဗင်ထိုးတတ်တာကလွဲလို့ပေါ့၊ အဲဒီ တော့ သူ လူချချင်လာအောင် သူ့ဒေါသ ကို ဆွပေးမယ်ဆိုရင် မဖြစ်သင့်တာဖြစ် မမှားသင့်တာ မှားပြီး ကစားကွက်ပျက် လာမယ်၊ လူတွေဟာ ဒေါသဖြစ်လာပြီဆိုရင် အကောင်းအဆိုး အမှားအမှန် မဝေဖန် မပိုင်းခြားနိုင်တော့ဘူးလေ..ဥပမာ-ရွှန်းနီဆိုရင် ခြေစွမ်းကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဒေါသကြီးလို့ အနီကတ်တွေ ခဏခဏပြခံရပြီး အင် လန်အသင်း မရှုံးသင့်ဘဲ လူတစ်ယောက်လျော့နဲ့ ရှုံးခဲ့ရတဲ့ပွဲစဥ်တွေ အများကြီး ပဲ၊ နေစူးရဲကိုလည်း အဲဒီ လို

ထောင်ချောက်ထဲဝင်လာအောင် ဆွဲသွင်းနိုင်မယ် ဆိုရင်…''

အီစီကလီမာမွတ်က သူ့စကားကိုမဖြတ်သေးဘဲ တန်းလန်းကြီးထား ပြီး ဘုတ်အဖွဲ့ဝင်တွေမျက်နှာကို ကြည့်လိုက်ရာ အားလုံးက သဘောကျပြီး ခေါင်းတညိတ်ညိတ်နှင့်လက်ခံနေသည်ကို တွေ့လိုက်ရ၏။

''ဟင်း..ခုမှပဲ စိတ်အေးရတော့တယ်၊ ရှင် တော်ပါတယ် ကိုမာမွတ်၊ နေစူးရဲရဲ့ကစားသမားဘဝ ပထမဆုံးအနိုကတ်ဟာ လာမယ့်အပတ် ကျွန်မတို့ နွယ်သာကီ F.C အသင်းနဲ့ပွဲစဉ်မှာ ဖြစ်စေရမယ်''

အသင်းပိုင်ရှင် ဒေါ်ခင်သန္တာသက်ချိုပြုံးကပါ ဝမ်းမြောက်ဝမ်းသာ ထောက်ခံလိုက်၍ ဘုတ်အဖွဲ့ဝင်တွေအားလုံး လက်ခုပ်တီးပြီး သဘောတူလိုက် ကြသည်။

''ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း''

အစည်းအဝေးကတော့ အောင်မြင်စွာရုပ်သိမ်းလိုက်လေပြီ။ အားလုံး ရဲ့မျက်နှာမှာ ပုစ္ဆာတစ်ပုဒ်ရဲ့အဖြေကို ရှာဖွေတွေ့ရှိထားသလို ပြုံးပျော်လျက်။

ပြီးတော့…သူတို့မှာ အိမ်ကွင်း အားသာချက်လည်း ရှိသည် ဆို တော့…

x x x